ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့်
လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ
(အတွင်းရေးမှူးရုံး)

# သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ကနဦးလိုအပ်ချက်များ သိရှိနိုင်ရန်အတွက် ကွင်းဆင်းကောက်ယူခဲ့သည့် အစီရင်ခံစာ






ဗဟိုစာရင်းအင်းအဖွဲ့
၂၀၁၈ ခုနှစ်

# ကျေးဇူးတင်လွှာ

သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ကနဦးလိုအပ်ချက်များ သိရှိနိုင်ရန်အတွက် ကွင်းဆင်းကောက်ယူခဲ့သည့် အစီရင်ခံစာသည် "ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေး နှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ" အတွင်းရေးမှူးရုံးဖြစ်သည့် ဗဟိုစာရင်းအင်းအဖွဲ့မှ ကွင်းဆင်း ကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။

"ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ"အနေဖြင့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပွားပြီးနောက် ကနဦးလိုအပ်ချက်များ၊ ရေရှည်အတွက်လိုအပ်ချက်များ၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖော်ထုတ်၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ သတင်းအချက်အလက်များ စုစည်းတင်ပြရန်၊ အကြံပြုပေးရန် လုပ်ငန်းတာဝန်ပါရှိပါသည်။

ထိုကဲ့သို့ သက်ဆိုင်ရာများသို့ အကြံပြုပေးနိုင်ရန်အတွက် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးရုံး၏ ဝန်ထမ်းများမှ အိမ်ထောင်စုများနှင့် ကျေးလက်ဒေသ ဆိုင်ရာအဖွဲ့အစည်းများသို့ မေးမြန်းမည့် မေးခွန်းလွှာများ ပြုစု၍ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသည့် ဒေသများသို့ ကွင်းဆင်းကောက်ယူဆောင်ရွက်ခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် နေရာများသို့ ကွင်းဆင်း၍ ကနဦးလိုအပ်ချက်များကို စိစစ်ရန် ကွင်းဆင်းကောက်ယူရာတွင် အစစအရာရာကူညီဆောင်ရွက်ပေးခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ သဘာဝဘေးကျရောက်ခဲ့သည့် ကျေးရွာများတွင်နေထိုင်ကြသည့် ပြည်သူများ၊ သဘာဝဘေးနှင့်စပ်လျဉ်း၍ မိမိဒေသ၏ လိုအပ်ချက်များ နှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ပြည့်စုံစွာ အကြံပြုဖြေကြားပေးကြသည့် လွှတ်တော်နှစ်ရပ်ရှိ ကိုယ်စားလှယ်ကြီးများအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အတွင်းရေးမှူးရုံး<br>
(ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)<br>
ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊<br>
ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ<br>
ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | အသုံးပြုသောနည်းစနစ်များနှင့် လွှမ်းခြုံနိုင်မှု | ၂ |
| ၄။ | ကွင်းဆင်းကောက်ယူခဲ့သည့်ဒေသများ | ၃ |
| ၅။ | ကွင်းဆင်းကောက်ယူခဲ့သည့်အစီရင်ခံစာ | ၄-၈၀ |
| ၆။ | လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားအမြင် | ၈၁-၁၂၆ |
| ၇။ | နိဂုံး | ၁၂၇ |

# သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကနဦးလိုအပ်ချက်များသိရှိနိုင်ရန်အတွက် ကွင်းဆင်းကောက်ယူခဲ့သည့်အစီရင်ခံစာ

## ၁။ နိဒါန်း

နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရန်အတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များမှ အဖွဲ့ဝင်အဖြစ် ၂၀၁၆ခုနှစ် မေလ (၃၁) ရက်နေ့၌ ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကော်မတီတွင် လုပ်ငန်းအဖွဲ့ (၁၂)ခု ရှိပြီး ကနဦးလိုအပ်ချက်စစ်တမ်း ကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး နှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌနှင့် ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူးအဖြစ် ၂၀၁၆ ခုနှစ် ဇူလိုင်လ (၂၅) ရက်နေ့၌ ဖွဲ့စည်းခဲ့ပါသည်။ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီသည် ၂၀၁၆ခုနှစ်တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသော နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခုတွင် **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း** ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလ၌ ကောက်ယူခဲ့ပါသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ သို့ မေးခွန်းလွှာများ ဖြန့်ဝေခဲ့ပြီး တုံ့ပြန်ဖြေကြားခဲ့သောမြို့နယ်ပေါင်း(၁၂၀)တွင် ကိုယ်စားလှယ် (၁၂၀)ဦးမှ ပြန်လည်ဖြေကြားမှုများကိုလည်း စုစည်းဖော်ပြထားပါသည်။

## ၂။ ရည်ရွယ်ချက်

ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်အပေါ်တုံ့ပြန်ဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်းအချက်အလက်များ ရရှိနိုင်ရေး၊ ပျက်စီးဆုံးရှုံးမှုစာရင်းများကို စစ်တမ်းကောက်ယူ၍ တိကျသောသတင်း အချက်အလက် ထုတ်ပြန်ပေးနိုင်ရေးနှင့် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်နိုင်ရန် သဘာဝ

ဘေးအန္တရာယ် ဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းများအတွက် ချက်ချင်း၊ ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် ထိခိုက်ပျက်စီးမှုများအား Recovery အပိုင်းနှင့် နောက်ပိုင်းကာလအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် ရည်ရွယ်၍ စစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။

**၃။ အသုံးပြုသောနည်းစနစ်များနှင့် လွှမ်းခြုံနိုင်မှု**

သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ကာကွယ်ရန်၊ ဖြစ်ပွားစဉ် ကာလအတွင်း ထိရောက်စွာ အကူအညီပေးနိုင်ရန် နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။ စစ်တမ်းကောက်ယူမှုမှာ သဘာဝဘေးဒဏ်အများဆုံး ခံစားခဲ့ရသောဒေသများကို လွှမ်းခြုံနိုင်ရန်အတွက် မျက်မြင်တွေ့ရှိချက်များကို အခြေခံ၍ သဘာဝဘေးအန္တရာယ်ခံစားရသည့် မြို့နယ် (၇၈) မြို့နယ်မှ ရပ်ကွက်ပေါင်း(၃၆)ရပ်ကွက် နှင့် ကျေးရွာပေါင်း(၂၁၈) ရွာကို ကွင်းဆင်း ကောက်ယူခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်သည် မမျှော်မှန်းနိုင်သောအခြေအနေ နှင့် မတူညီသောနေရာဒေသများတွင် ဖြစ်ပွားလေ့ရှိခြင်းကြောင့် သတ်မှတ်ထားသော စစ်တမ်းနည်းပညာများဖြင့် ကောက်ယူရန်အတွက် ခက်ခဲမှုရှိသဖြင့် သဘာဝဘေးဖြစ်ပွားလေ့ရှိသည့်ဒေသ၊ ထိခိုက်ခံစားခဲ့ရသောသူများနှင့် မျက်မြင်တွေ့ရှိချက်များကို အခြေခံ၍ကောက်ယူရခြင်း ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း Community မေးခွန်းလွှာတွင် ရပ်ကွက်ကျေးရွာ အကြောင်းအရာ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် ဘေးအန္တရာယ်ဖြစ်ပြီးနောက် ကူညီဆောင်ရွက်ပေးခြင်းဟူ၍ အပိုင်း(၃)ပိုင်းပါရှိပြီး Household မေးခွန်းလွှာတွင် အိမ်ထောင်စုအကြောင်းအရာ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် ဘေးအန္တရာယ်ဖြစ်ပြီးနောက်လိုအပ်ချက်များဟူ၍ အပိုင်း(၃)ပိုင်း ပါရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေး ဦးစီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်းမေးခွန်းလွှာ ကို ပြင်ဆင်ခဲ့ပါသည်။ စစ်တမ်းမေးခွန်းလွှာအား **နောက်ဆက်တွဲ(က)-(ခ)** ဖြင့် ဖော်ပြထားပါသည်။

## ၄။ ကွင်းဆင်းကောက်ယူခဲ့သည့်ဒေသများ

သဘာဝဘေးဒဏ်အများဆုံး ခံစားခဲ့ရသော နေပြည်တော်ကောင်စီနယ်မြေ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့တွင် ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ ဝန်ထမ်းများမှ ကွင်းဆင်း ကောက်ယူခဲ့ပြီး၊ ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲရှိ ဝန်ထမ်းများမှ ကွင်းဆင်းကောက်ယူခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း ၂၀၁၇ တွင် ကွင်းဆင်း ကောက်ယူမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်ပေါင်း | ရပ်ကွက် | ကျေးရွာ |
|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၂ | | ၁၆ |
| ၂။ | ကယားပြည်နယ် | ၃ | | ၁၀ |
| ၃။ | ကရင်ပြည်နယ် | ၂ | ၆ | ၆ |
| ၄။ | ချင်းပြည်နယ် | ၂ | ၇ | ၂ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၈ | ၂ | ၂၂ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၆ | ၂ | ၁၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၆ | | ၁၈ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၈ | | ၂၅ |
| ၁၀။ | မွန်ပြည်နယ် | ၇ | ၁၃ | ၁၆ |
| ၁၁။ | ရခိုင်ပြည်နယ် | ၃ | ၁ | ၅ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၂ | ၂ |
| ၁၃။ | ရှမ်းပြည်နယ် | ၁ | | ၁ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၂၄ | ၃ | ၆၉ |
| ၁၅။ | နေပြည်တော်ကောင်စီ | ၃ | | ၁၀ |
| **စုစုပေါင်း** | | ၇၈ | ၃၆ | ၂၁၈ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

ကချင်ပြည်နယ်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁။ | ကချင် | ဗန်းမော်မြို့နယ် ကောင်းစင့်ကျေးရွာ၊ လက်ပံတန်းကျေးရွာ၊ သပြေကုန်း ကျေးရွာ၊ ကန်သာကျေးရွာ၊ ရေနီကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ သဖန်းပင်ကျေးရွာ၊ မံမလင်းကျေးရွာ၊ မိုးစိမ်းကျွန်းကျေးရွာ | (၁)သပြေကုန်းကျေးရွာ၊ ကန်သာကျေးရွာနှင့်ငှက်ပျောတောကျေးရွာတို့ တွင်ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦ (၁) လုံး ပျက်စီးခြင်း၊ကျောင်းသုံး ပရိဘောဂများနှင့်အုတ်ညှပ်စာသင်ကျောင်း(၁) ကျောင်းပျက်စီးခြင်း၊ ရွာလမ်းမ(၁)ခုပျက်စီးခြင်း၊ | (၁)ကျေးရွာတို့တွင် ရေတိုက်စားမှုခံနိုင်ရန် ကျေးရွာလမ်းများအဆင့်မြှင့်တင်ပေးရန် လိုအပ်လျက် ရှိပါသည်။၊ |
| | | | | (၂)မြစ်ကမ်းပါးပြို၍ပြောင်းရွှေ့ရသောနေအိမ်များအတွက် မြေနေရာ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ပါရန် နှင့်မြစ်ကမ်းပါးပြိုကျမှုကို တားဆီးနိုင်ရန်သစ်သားမျောတိုင်များဖြင့် ရေလမ်းကြောင်းလွှဲရေကာတာများတည်ဆောက်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါ သည်။ |
| ၂။ | | ရွှေကူမြို့နယ်၊ရွှေချောင်းသာကျေးရွာ၊ မဟာနဒီကျေးရွာ၊ ရွှေပဒေသာ(ရေလယ်ကျွန်း) ကျေးရွာ၊ငါးဘတ်ကြီးကျေးရွာ၊တောပုန်းကျေးရွာ၊ဆင်တပ်ကျေးရွာ၊ ရေလဲကျေး ရွာ | (၁)ရွှေချောင်းသာကျေးရွာတွင်ရေဝင်ရောက်မှုနှင့်မုန်တိုင်းဖြစ်မှုတို့ကြောင့်တံတား(၁)စင်းပျက်စီးခြင်း၊ | (၁)ရေတိုက်စားမှုခံနိုင်ရန် ကျေးရွာလမ်းများအဆင့်မြှင့်တင်ခြင်း၊ တံတားများပြန်လည် တည်ဆောက်ပေးခြင်း၊ မြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့ရသောနေအိမ်များအတွက် မြေနေရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ပါရန် လိုအပ်လျက် ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၂)တောပုန်းကျေးရွာ တွင်ရေဝင်ရောက်မှု နှင့် မုန်တိုင်းတိုက်ခိုက်မှုတို့ ကြောင့်စာသင်ကျောင်း နှင့်ကျေးလက်ကျန်းမာ ရေး ဌာနခွဲမှာ တစ်စိတ် တစ်ပိုင်း ပျက်စီးခြင်း။ | |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

ကယားပြည်နယ်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁။ | ကယား | လွိုင်ကော်မြို့နယ် သတ္တပလူ ကျေးရွာ၊ ပျားကနဲ ကျေးရွာ | (၁)သတ္တပလူကျေးရွာ တွင်လေပြင်းတိုက်ခတ် ခြင်းဒဏ်ခံစားရခြင်း၊ မိုးတွင်းကာလတွင် သောက်သုံးရေရှားပါး ခြင်း၊ | (၁)သတ္တပလူကျေးရွာတွင် သောက်သုံးရေရှားပါးသဖြင့် စုပေါင်းရေကန်(၁)ကန်တည် ဆောက်ပေးနိုင်ပါရန်လိုအပ် လျက်ရှိပါ သည်။ |
| | | | (၂)ပျားကနဲကျေးရွာတွင် သဘာဝဘေးကျရောက် မှုနည်းပါးသော်လည်း မီးဘေးအန္တရာယ်နှင့် ကြုံတွေ့ရခြင်း။ | |
| ၂။ | | ဒီးမော့ဆိုမြို့နယ် ဒေါဘူးကူးကျေးရွာ ဒေါလျားလီ ကျေးရွာ ဒေါဘူးခို ကျေးရွာ ဒေါပိတ ကျေးရွာ စည်းလင်းကျေးရွာ | (၁)ဒေါဘူးကူးကျေးရွာ နှင့်ဒေါလျားလီ ကျေးရွာ တွင် မိုးတွင်းကာလ၌ ကျေးရွာအတွင်း တောင် ကျရေဝင်ရောက်မှုကြောင့် လမ်းများပျက်စီး၍သွား လာရန်ခက်ခဲခြင်း၊ လေ ပြင်း တိုက်ခတ်မှု ဒဏ် ခံစားရခြင်း၊ တောမီး လောင်မှုများ ကြုံတွေ့ရ ခြင်း၊ | (၁)ဒေါဘူးကူးကျေးရွာ၊ ဒေါ လျားလီကျေးရွာ၊ ဒေါဘူးခိုကျေး ရွာ၊ ဒေါပိတကျေးရွာ၊ စည်း လင်း ကျေးရွာတို့တွင် တောင် ကျရေလျှံ၍ ရေဝင်ရောက်ခြင်း အတွက် ဒေါလျားလီကျေးရွာ အနောက်ဘက်လာဆိုတောင် ခြေအနီးတွင်ရေလွှဲမြောင်း တည်ဆောက်ပေးနိုင်ပါရန်နှင့် မီးငြိမ်းသတ်ရန် စုပေါင်းရေ ကန်နှင့်မီးတားလမ်းများဖောက် လုပ်ပေးနိုင်ပါရန်လိုအပ်လျက် ရှိပါသည်။ |
| | | | (၂)ဒေါဘူးခို ကျေးရွာ၊ ဒေါပိတ ကျေးရွာနှင့် စည်းလင်းကျေးရွာ တို့ တွင် လေပြင်းတိုက်ခတ် မှုဒဏ်ခံစားရခြင်း။ | |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၃။ | | ဘောလခဲမြို့နယ် နန်းဖဲကျေးရွာ၊ စလဲလုံးကျေးရွာ၊ ချီးကွဲ့ကျေးရွာ | (၁)နန်းဖဲကျေးရွာ၊ စလဲလုံး ကျေးရွာ နှင့် ချီးကွဲ့ ကျေးရွာတို့တွင်လေပြင်း တိုက်ခတ်မှုနှင့်မီးလောင်မှုဒဏ် ခံစားရခြင်း။ | (၁)ချီးကွဲ့ ကျေးရွာနှင့် နန်းဖဲ ကျေးရွာ တို့တွင် စုပေါင်း ရေလှောင်ကန်များတည်ဆောက်ပေးရန် နှင့် ချီးကွဲ့ ကျေးရွာ တောင်ဘက်ပိုင်းရွာအလယ်လမ်းအားပြုပြင် ပေးနိုင်ပါရန် လိုအပ်လျက် ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

ကရင်ပြည်နယ်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁။ | ကရင် | သံတောင်ကြီးမြို့နယ် မြို့ပေါ်ရပ်ကွက်(၅)ခု၊တောပြာကြီးကျေးရွာ၊လေလော်ဒေးကျေးရွာ၊လိပ်ပြာကလေးကျေးရွာ၊ လယ်ခိုဒိုးခိုကျေးရွာ | (၁)မြို့ပေါ်ရှိ ရပ်ကွက်(၅)ခုသည် တောင်ပေါ်ဒေသဖြစ်ပြီးတောင်စောင်းများတွင် အိမ်များ တည်ဆောက်ထားခြင်းကြောင့် မိုးများသောအခါ တောင်ပြိုကျခြင်း၊ မြေသားများနှင့်အတူကျောက်တုံးကြီးများကျလာခြင်း၊ရပ်ကွက်အတွင်း မြေပြိုမှုကြောင့် လမ်းများပျက်စီးနေ၍ သွားလာရေးခက်ခဲခြင်း၊ | (၁)မြို့ပေါ်ရပ်ကွက်များတွင် နွေအခါ သောက်သုံးရေရှားပါးသောကြောင့် စိမ့်စမ်းရေများကို ရေလှောင်ကန်များ ပြုလုပ်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)တောပြာကြီးကျေးရွာ၊ ဒါဝါလော်ချီးကျေးရွာ၊ လိပ်ပြာကလေးကျေးရွာ၊ လယ်ခိုဒိုးခို ကျေးရွာတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုခြင်းကြောင့် နေအိမ်များနှင့် လမ်းများပျက်စီးခြင်းများ ခံစားရခြင်း။ | (၂)တောပြာကြီးကျေးရွာတွင် မြေပြိုကျမှုသည်စာသင်ကျောင်းနှင့်နီးကပ်နေသောကြောင့် တားဆီးနိုင်ရန်ခိုင်ခံ့သောမြေထိန်းနံရံတည်ဆောက်ပေးနိုင်ပါရန်၊ရေတိုက်စားမှုခံနိုင်ရန် ကျေးရွာလမ်းများကိုအမြင့်ပေတိုးမြှင့် တည်ဆောက် ပေးနိုင်ပါရန် နှင့်ရေတိုက်စားမှု သက်သာ လျော့နည်းစေရန် ရေမြောင်းများတိုးမြှင့်တူးဖော်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၂။ | | ကြာအင်းဆိပ်ကြီး မြို့နယ်မြို့ပေါ် ရပ်ကွက်(၆)၊ကမ်းပါး စောင့်ကျေးရွာ၊ခနဲ့ ကျေးရွာ | (၁)ရပ်ကွက်(၆)သည်မြေ နိမ့်ပိုင်းတွင်တည်ရှိပြီးရွှေ့ ပြောင်းနေထိုင်သူများနေ သောရပ်ကွက်ဖြစ်သော ကြောင့် အိမ်များတည် ဆောက်မှုမှာကြံ့ခိုင်မှုမရှိ ခြင်း၊လမ်းများမှာမြေသား လမ်း ဖြစ်သောကြောင့် ခနိမြစ်ရေလျှံပြီးရေတိုက် စားမှုဒဏ်ကြောင့်ပျက်စီး ခြင်း၊ချောင်းကူးတံတား ပျက်စီး ခြင်း၊ | (၁)ရေတိုက်စားမှုခံနိုင်ရန် ကျေးရွာလမ်းများကို အဆင့် မြှင့်တင်တည်ဆောက်ပေးရန်၊ |
| | | | (၂)ကမ်းပါးစောင့်ကျေး ရွာသည်ခနိမြစ်ရေလျှံ ခြင်းကြောင့်ရေကြီးနစ် မြုပ်မှုဖြစ်လေ့ရှိခြင်း၊ | (၂)ကျေးရွာချင်းဆက်လမ်းတံ တားပျက်စီးနေခြင်းအားခိုင်ခံ့ သောတံတားတည်ဆောက်ပေး နိုင်ပါရန်၊သဘာဝဘေးဖြစ်လာ လျှင်တိမ်းရှောင်ရန် ခိုင်ခံ့ ကျယ်ဝန်းသော အဆောက် အဦ တည်ဆောက်ပေးနိုင်ပါ ရန် လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ခနဲ့ကျေးရွာတွင် မြေသားလမ်း (၁) လမ်း နှင့် ချောင်းကူးသစ်သား (ကွန်ကရစ်အုတ်တိုင်) တံတား(၁)စင်းတစ်စိတ် တစ်ပိုင်းပျက်စီးခြင်း။ | (၃)ရေလမ်းကြောင်းလွှဲရန် ရေကာတာ၊ ရေတံခါး တည် ဆောက်ပေးနိုင်ပါရန်လိုအပ် လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

ချင်းပြည်နယ်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁။ | ချင်း | ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်၊ ဈေးဟောင်းရပ်ကွက် မြို့သစ်ရပ်ကွက် | (၁) မိုးများစွာ ရွာသွန်းမှု ကြောင့် မြေပြို မှုများ ခံစားရပြီး နေအိမ်များ၊ စိုက်ခင်းများ ပျက်စီး ခြင်း၊ | (၁)မြေပြိုမှုဒဏ်ကို ကာကွယ် နိုင်ရန် ခိုင်ခံ့သော မြေထိန်း နံရံများ တည်ဆောက်ပေး နိုင် ပါရန်၊လိုအပ်လျက်ရှိပါသည်။ |
| ၂။ | | တီးတိန်မြို့နယ် မြို့မရပ်ကွက်၊ လွယ်ဘွယ်ရပ်ကွက်၊ ခိုင်ကမ်းနယ်မြေ (၁) ရပ်ကွက်၊ | (၁)မြို့မရပ်ကွက်သည် လေပြင်းများ တိုက် ခတ် ၍ မိုးကြိုးခြင်းဒဏ်ကို ခံစားရခြင်း၊ | (၁) မူလတန်း လွန်ကျောင်း အားပိုမို လုံခြုံမှု ရှိသော ကျောင်း ဖြစ်စေရန်တိုးမြှင့် ဆောက်လုပ်ပေးနိုင်ပါရန် လို အပ်လျက် ရှိပါသည်။ |
| | | ဆဲဇန်ကျေးရွာ၊ ဒိမ်ပီးကျေးရွာ | (၂)လွယ်ဘွယ် ရပ်ကွက် သည် စည်ပင် သာယာ ဈေး မီးလောင်မှု ဖြစ် ပွားခဲ့ပြီး ဆိုင်ခန်း များ မီးလောင် ကျွမ်းခြင်း၊ | |
| | | | (၃)ခိုင်ကမ်းနယ်မြေ (၁) ရပ်ကွက် သည် တောင် ကျချောင်း ရေ ကြောင့် မြေထိန်းနံရံ များ ပဲ့ကျ ပြီး အတွင်းပိုင်းတိုက်စား မှုအပြင် ချောင်း ရေသည် ရေစီးကြောင်း ပြောင်းလဲ စီးဆင်းသဖြင့် ကမ်းပါး များပြိုပြီးကမ်းပါးအနီးရှိ နေအိမ် များ အချိန်မီ ပြောင်းရွှေ့ရ ခြင်း၊ | (၂)မြစ်ကမ်းပါး ပြိုကျမှုကို တားဆီးနိုင်ရန် မြေထိန်း နံရံ ခိုင်ခံ့သော ရေကာတာ တည် ဆောက် ပေးနိုင်ပါရန် လိုအပ် လျက်ရှိပါသည်။ |
| | | | (၄)ဆဲဇန်ကျေးရွာနှင့် ဒိမ်ပီးကျေးရွာ သည် လေပြင်း တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်း မှုများ ခံစားရခြင်း။ | |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁။ | စစ်ကိုင်းတိုင်း | ကလေးမြို့နယ်၊ ပြင်သာကျေးရွာ၊ ဖောင်ကူးကျေးရွာ၊ တောင်ဦး ကျေးရွာ | (၁)ပြင်သာကျေးရွာတွင် မြစ်ကြောင်းအတွင်းရွာသူ/သားများအနေဖြင့် ရိုးရာနည်းဖြင့်သာ သဲလုပ်ငန်းကိုလုပ်ကိုင်ကြ သော်လည်း စီးပွားရေး သမားများမှာတစ်နေ့လျှင်ကျင်း(၁၀၀)ခန့်စက်များဖြင့် သဲများလာရောက် စုပ်ယူခြင်းကြောင့်ဂလိုင်များ ဖြစ်ပေါ်ပြီးကမ်းပါးပြိုကျခြင်းများဖြစ်ပွားခြင်း၊ | (၁)ပြင်သာကျေးရွာအနေဖြင့် စက်များဖြင့် အများအပြား လာရောက် စုပ်ယူခြင်းကို ကန့်သတ်ရန် လိုအပ်ကြောင်းနှင့် စားဝတ်နေရေး အတွက် ရပ်ဆိုင်း ထားရသော ရိုးရာနည်းဖြင့် သဲတူးယူခြင်း လုပ်ငန်းကို ပြန်လည် လုပ်ကိုင်ခွင့်ပြုနိုင်ပါရန် လိုအပ်လျက်ရှိပါ သည်။ |
| | | | (၂)ဖောင်ကူးကျေးရွာတွင် ၂၀၁၇ခုနှစ်စက်တင်ဘာလတွင်အမြင့်ပေ(၁၃) ပေအထိ ရေဝင်ရောက်ခဲ့ပြီး (၁၂)ရက် ကြာမြင့်ခဲ့၍ အလက(၂) တောင်ဖီလာသို့တစ်ရွာလုံး ရွှေ့ပြောင်းနေထိုင်ခဲ့ ရခြင်း၊ | (၂)ဖောင်ကူးကျေးရွာတွင်ရေ၊လေ၊လျှေင်ဒဏ်ခံနိုင်သောနားခိုဆောင်များလိုအပ်ခြင်း၊ ရွာအတွင်းမှလမ်းမသို့ ထွက်ရန်ခက်ခဲသဖြင့်ရေကြီးချိန်တွင်ရွှေ့ပြောင်းရန်စက်တပ်သမ္ဗန်လှေလိုအပ်ခြင်းနှင့် လမ်းမပေါ်ရွှေ့ပြောင်းရာတွင်ကယ်ဆယ်ရေးယာဉ်များ အချိန်မီ ရောက်ရန် လိုအပ် ပါသည်။ |
| | | | (၃)တောင်ဦးကျေးရွာတွင် နှစ်စဉ်ရေဝင်ရောက်ခြင်း၊ ကမ်းပါးပြိုခြင်းဖြစ်ပွားသောရွာတစ်ရွာဖြစ်ပြီးမြစ်ကမ်းပါးအနီးရှိနေအိမ်များ၏အောက်တွင်စိမ့်ရေများ ရှိနေသည့်အတွက်ရေကာတာဆောက်လုပ်သော်လည်းမြေပြိုမှုများဆက်လက်ဖြစ်ပေါ် နေခြင်း။ | (၃)တောင်ဦးကျေးရွာတွင် မြစ်ကမ်းပါး ပြိုကျရာမှ ပါဝင်သွားသောနေအိမ်များအတွက် မြေနေရာရရှိရန် နှင့် ကမ်းပါးပြိုကျမှု လျော့နည်း စေရန် အတွက် ရေလမ်းကြောင်း ပြောင်းပေးနိုင်ပါရန် လိုအပ်လျက်ရှိပါ သည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၂။ | | ကလေးဝမြို့နယ်၊ မထုကြီးကျေးရွာ၊ ယောစုကျေးရွာ၊ ကျော်ဇင်ကျေးရွာ | (၁)မထုကြီးကျေးရွာတွင် နှစ်စဉ် မြစ်ကမ်းပါးပြိုမှုဖြစ်ပွားခဲ့ပြီး၂၀၁၇ခုနှစ်တွင် အရှည်(၁)မိုင် ကျော်ခန့်မြစ်ကမ်းပါးပြိုကျခဲ့ခြင်းနှင့်မိုးများသဖြင့်ရေ(၂)ကြိမ်ဝင်ရောက်ခဲ့ပြီးအမြင့်ပေ(၁၀)ပေခန့်အထိရောက်ရှိခဲ့ခြင်း၊ | (၁)မထုကြီးကျေးရွာတွင်သောက်သုံးရေရှားပါးခြင်းကြောင့်အနက်ပေ(၆၀၀)ခန့်ရှိသောသောက်သုံးရေတွင်းတူးပေးနိုင်ပါရန်နှင့်မြစ်ရေကြီးချိန်ကာလများတွင်ရေမလွတ်သောနေအိမ်များအတွက်ရေဘေးရှောင်အဆောက်အဦတည်ဆောက်ပေးနိုင်ပါရန်လိုအပ်လျက် ရှိပါသည်။ |
| | | | (၂)ယောစုကျေးရွာတွင် ၂၀၁၇ ခုနှစ်တွင် ရေဝင်ရောက်မှု(၃)ကြိမ်ဖြစ်ခဲ့ပြီးအများဆုံးအနေဖြင့်ပထမအကြိမ်ရေဝင်စဉ်အိမ်ခြေပေါင်း(၉၈)လုံးရွှေ့ပြောင်းခဲ့ရခြင်း၊ ရေ(၃)ကြိမ် ဝင်ရောက်ခဲ့သောကြောင့်စိုက်ပျိုးချိန်နောက်ကျခြင်း၊အထွက်နှုန်းလျော့ကျခြင်းနှင့်ပြန်လည်စိုက်ပျိုးရန်ရင်းနှီးရခြင်း၊ | (၂)ယောစုကျေးရွာသည်သောက်သုံးရေရှားပါးသောကျေးရွာဖြစ်၍ သောက်သုံးရေတွင်း ရရှိနိုင်ပါရန် နှင့် ရေကြီးချိန်တွင် သွားလာရန်အတွက် ရေယာဉ်များ ပံ့ပိုးပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ကျော်ဇင်ကျေးရွာတွင် ၂၀၁၅ခုနှစ်ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ချိန်မှစ၍ကျေးရွာအနီးတွင်ရေဝဲကတော့ကြီးပေါ်ပေါက်လာခြင်း၊ရွာအထွက်လမ်းတွင်ဒိုက်များပိတ်ဆို့ခြင်းနှင့်ရေစီးကြောင်းအလိုက်ရွာဘက်သို့ ထိုးဝင်လာခြင်းများဖြစ်ပေါ်ခဲ့ခြင်း၊ | (၃) ကျော်ဇင်ကျေးရွာတွင်ဝဲကတော့ထိုးပြီး ကမ်းပါးပြိုခြင်း ဖြစ်ပွားသဖြင့် ရေကာတာ ဆောက်လုပ်ပေး နိုင်ပါရန်နှင့် ကျောင်းသား များ သွားလာရန် လွန်စွာ ခက်ခဲသဖြင့် လမ်းအရှည် (၁) မိုင်ခန့်ကို ကွန်ကရစ်လမ်း ပြုလုပ် ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၃။ | | ကနီမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ညောင်ပင်ဝန်း ကျေးရွာနှင့် တဖယ်ချောင် ကျေးရွာ | (၁)အမှတ်(၃)ရပ်ကွက်၊ ညောင်ပင် ဝန်း ကျေးရွာနှင့်တဖယ်ချောင်ကျေးရွာတို့၌၂၀၁၇ခုနှစ်မေလတွင်လေပြင်းတိုက်ခတ်ခြင်းသည် ပထမဆုံး အကြိမ် မိုးသီးများကျခြင်း နှင့် လေပြင်း တိုက်ခတ်ခြင်း ဖြစ်ပွားခဲ့ခြင်း၊ | (၁)အမှတ်(၃)ရပ်ကွက်နှင့် ညောင်ပင်ဝန်း ကျေးရွာ တို့တွင်သစ်တော သစ်ပင်များ ပြုန်းတီးလာသဖြင့် သဘာဝဘေးများ ဝင်ရောက်လာ ခြင်းကြောင့်သစ်ပင်များ ပိုမို စိုက်ပျိုးနိုင်ပါရန်လိုအပ်လျက် ရှိပါသည်။ |
| | | | | (၂)တဖယ်ချောင်ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ် ကျရောက်ချိန်တွင် လူအများစုနားခိုနိုင်ရန် ခိုင်ခံ့သည့် အဆောက်အဦတည်ဆောက်ပေးရန်။ |
| ၄။ | | မုံရွာမြို့နယ်၊ ဘုဘကျေးရွာ၊ ထန်းလေးပင်ကျေးရွာ၊ဆူးလေကုန်းကျေးရွာ | (၁)ဘုဘကျေးရွာတွင်နှစ်စဉ်ချင်းတွင်းမြစ်ရေကြီးခြင်းများကြုံတွေ့ရသောကြောင့် မြစ်ရေကြီးချိန်တွင်သောက်သုံးရန်အတွက်သောက်ရေသန့်ကန်တည်ဆောက်ထားခြင်းကိုလည်းတွေ့ရှိရခြင်း၊ | (၁)ဘုဘကျေးရွာတွင်မြစ်ရေကြီးချိန်၌ ကျေးရွာအတွင်းသို့ရေအမြင့်ပေ(၆ပေ၊၇ပေ) ခန့်ဝင်ရောက်လေ့ရှိသဖြင့် လှေများ ပံ့ပိုးပေးရန်၊ |
| | | | (၂) ဆူးလေကုန်း ကျေးရွာနှင့်ထန်းလေးပင်ကျေးရွာတွင်နှစ်စဉ်ရေကြီးခြင်းဖြစ်ပွားသော်လည်းရေကျချိန်ရောက်မှစတင်စိုက်ပျိုးကြပြီးကြိုတင်ပြင်ဆင်မှုများကြောင့်ပျက်စီးဆုံးရှုံးမှုများမရှိခြင်း။ | (၂)ထန်းလေးပင်ကျေးရွာအတွက်ထန်းလေးပင်နှင့် ညောင်ပင်သာရွာသို့ဆက်သွယ်သောရွှေတမာတံတားအားအဆင့် မြှင့်တင်ပေးရန် |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၅။ | | မြင်းမူမြို့နယ်၊ လက္ကပင်ကျေးရွာ၊ အုန်းပင်ကျေးရွာ၊ ကျွဲရိုက် ကျေးရွာ | (၁)လက္ကပင်ကျေးရွာတွင် ရေကြီးရေလျှံမှုဒဏ်ကိုနှစ်စဉ်ခံစားခဲ့ရပြီးယခုနှစ်တွင်မြစ်ကမ်းပါးပြိုမှုဒဏ်ကို ပိုမိုခံစားခဲ့ရမှုကြောင့် စိုက်ပျိုးမြေကွင်းများလျော့ပါးလာ၍အလုပ်အကိုင်များနည်းပါးလာခြင်း၊ | (၁)လက္ကပင်ကျေးရွာသည်မြစ်ကမ်းပါးပြိုမှုအများဆုံးဖြစ်ပွားသည့်ကျေးရွာဖြစ်သဖြင့် ခိုင်ခံ့သည့်ရေထိန်းနံရံတည်ဆောက်ပေးနိုင်ပါရန် နှင့် မြစ်ကမ်းပါးပြိုကျမှုအတွက်ရေလမ်းကြောင်းပြောင်းပေးနိုင်ပါရန် လိုအပ်လျက် ရှိပါသည်။ |
| | | | (၂)မြစ်ကမ်းပါးပြိုမှုများဖြစ်ပွားရသည့် အဓိကအကြောင်းရင်းမှာ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းဒေသကြီးတွင်ရေကာတာများပြုလုပ်ခြင်းကြောင့်မြင်းမူနယ်ဘက်သို့ရေလမ်းကြောင်းပြောင်းပြီးရေများတစ်ရှိန်ထိုးဝင်ရောက်လာကာမြစ်ကမ်းပါးပြိုမှုများတစ်နှစ်ထက်တစ်နှစ်ပိုမိုများလာခြင်း၊ | |
| | | | (၃)အုန်းပင်ကျေးရွာတွင် တောင်သူဦးရေနည်းပါးပြီး လက်လုပ် လက်စားများဖြစ်သောကြောင့်မြစ်ကမ်းပါးများ ပြိုကျသောအခါ မြေနေရာပြန်လည်ဝယ်ယူရန်ငွေကြေးမတတ်နိုင်သော ကျေးရွာဖြစ်ခြင်း၊ | (၃)အုန်းပင်ကျေးရွာသည်နှစ်စဉ်ကမ်းပါးပြိုမှုဖြစ်ပွားသည့်ကျေးရွာဖြစ်သဖြင့် ခိုင်ခံ့သည့်ရေထိန်းနံရံတည်ဆောက်ပေးနိုင်ပါရန်နှင့်ကျေးရွာအတွင်းဝင်ရောက်နေသောရေများမြစ်ထဲသို့ တိုက်ရိုက် စီးဝင်စေရန်တူးမြောင်းဖောက်လုပ်ပေးနိုင်ရန်လိုအပ်လျက်ရှိပါ သည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၄)ကွဲရိုက်ကျေးရွာအနေဖြင့်ယခုနှစ်တွင် မိုးများ၍ ရေဝင်ရောက်မှု (၂)ကြိမ်ဖြစ်ပွားခဲ့သောကြောင့်အထွက်နှုန်းလျော့ကျခဲ့ခြင်း။ | (၄)ကွဲရိုက်ကျေးရွာအနေဖြင့် ရွာအတွင်းရှိ ရေထွက်ပေါက်မရှိသောကြောင့်ရေဆိုးများအတွက်ရေဆိုးထုတ်မြောင်းပြုလုပ်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါ သည်။ |
| ၆။ | | ကသာမြို့နယ်၊ ပုလွေရွှေ ကျေးရွာ၊ လက်ပံပင် ကျေးရွာ၊ မိုးတားလေးကျေးရွာ | (၁)ပုလွေရွှေကျေးရွာတွင် ဧရာဝတီမြစ်ရေကြီး၍ရေတိုက်စားမှုကြောင့်ကျေးရွာတံတားပျက်စီးခြင်းနှင့်မိုးစပါးများပျက်စီးဆုံးရှုံးခဲ့ခြင်း၊ | (၁)မြစ်ကမ်းပါးပြို၍ ရေကာတာများတည်ဆောက် ပေးနိုင်ပါရန်နှင့်ကျေးရွာချင်းဆက်တံတားပျက်စီးနေခြင်းကြောင့် ခိုင်ခံ့သောတံတားတည်ဆောက်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)လက်ပံပင်ကျေးရွာသည်ကျွန်းရွာကလေးဖြစ်ပြီးမြစ်ရေကြီးမှု၊ကမ်းပါးပြိုမှုကြောင့်နေအိမ်များပြောင်းရွှေ့ရခြင်း၊ | (၂)မြစ်ကမ်းပါးပြို၍ပြောင်းရွှေ့ရသောနေအိမ်များအတွက်မြေနေရာလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ပါရန်နှင့်မြစ်ကမ်းပါးပြိုကျမှုကိုတားဆီးနိုင်ရန်အတွက် မြေထိန်းနံရံ၊ ခိုင်ခံ့သောရေကာတာတည်ဆောက်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| ၇။ | | မင်းကင်း မြို့နယ်၊ ကျွန်းတော ကျေးရွာ၊ မတောကျေးရွာ၊ ကျေးတောင်ဦး ကျေးရွာ | (၁) ကျွန်းတော ကျေးရွာသည်ရေကြီးစဉ်တွင်မင်းကင်းမြို့ပေါ်ရှိကယ်ဆယ်ရေးစခန်းများတွင်နေထိုင်ကြရခြင်းနှင့်မြစ်ကမ်းပါးနံရံများပြိုကျပျက်စီးနေသည်ကို တွေ့ရှိရခြင်း၊ | (၁)ကျွန်းတောကျေးရွာတွင်ကမ်းထိန်းနံရံပြုလုပ်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၂)မတောကျေးရွာနှင့် တောင်ဦးကျေးရွာတို့သည် ချင်းတွင်းမြစ်ရေကြီးစဉ် တွင်လယ်ယာမြေများရေ မြုပ်ခဲ့သော်လည်းအိမ်ခြေ များ ပျက်စီးမှုမရှိခြင်း၊ | (၂) မတောကျေးရွာ နှင့် ရုံသာ ကျေးရွာကြားရှိ ချောင်း ကူး တံတားပြုလုပ်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါ သည်။<br><br>(၃)ရွှေ့ပြောင်း နေထိုင်၍ ရသော Shelter များ တည် ဆောက်ပေးနိုင်ပါရန် လိုအပ် လျက် ရှိပါသည်။ |
| ၈။ | | ထီးချိုင့်မြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ မြတောင် ကျေးရွာ၊ ချွန်းတောင် ကျေးရွာ | (၁)အမှတ်(၄)ရပ်ကွက် တွင်ဧရာဝတီမြစ်ရေကြီး သောကြောင့် ရပ်ကွက် အတွင်း ရေဝင်ရောက်မှု ကြောင့် ရေဘေးရှောင် စခန်း ဖွင့်လှစ်ထားသည့် ရွှေစည်းခုံ ဘုန်းကြီး ကျောင်း နှင့် ကျောက် စေတီဘုရား ဇရပ်တို့တွင် ပြောင်းရွှေ့ နေထိုင်ခြင်း နှင့် ရပ်ကွက်အတွင်း ရေ ဝင်မှုကြောင့် လမ်းများ ပျက်စီးနေ၍သွားလာရေး ခက်ခဲခြင်း၊ | (၁) နားခိုစရာနေရာများ၊ ခိုင်ခံ့သော shelter များ တည် ဆောက်ပေးနိုင်ပါရန် လိုအပ် လျက် ရှိပါသည်။ |
| | | | (၂) မြတောင် ကျေးရွာ သည်ဧရာဝတီ မြစ်ရေ ကြီးမှုကြောင့် ဖောင်တော် ဦးဘုန်းကြီးကျောင်း၊ မဟာဗောဓိဘုန်းကြီး ကျောင်းနှင့်ဘုရားကြီး ဘုန်းကြီးကျောင်းတို့တွင် ရှိသောဇရပ်များတွင် ပြောင်းရွှေ့နေထိုင် ခြင်း၊ | |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၃) ချွန်းတောင် ကျေးရွာတွင် ကျေးရွာချင်းဆက် တံတား ပျက်စီးနေခြင်းနှင့် မိုးတွင်းအချိန်တွင် သဲကောချောင်းတွင် ချောင်း ရေပြင် ကျယ်ပြန့်လာ၍မြေသားလမ်း ပျက်စီးနေခြင်းတို့ကြောင့် ထီးချိုင့်မြို့သို့စက်လှေများဖြင့် သွားလာရခြင်း။ | (၂) ထီးချိုင့်မြို့ မှ ချွန်းတောင် ကျေးရွာချင်းဆက်လမ်း တံတား ပျက်စီးနေခြင်းအား ခိုင်ခန့်သော တံတား တည်ဆောက်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

ပဲခူးတိုင်းဒေသကြီး

| စဉ် | တိုင်းဒေကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁။ | ပဲခူးတိုင်း | ရေတာရှည် မြို့နယ်၊ စိမ့်ကျေးရွာ၊ ရွှေကစောင်းကျေးရွာ၊ ဆယ်မိုင်ကျေးရွာ | (၁)စိမ့်ကျေးရွာသည်မိုးတွင်းကာလတွင်မိုးများစွာရွာသွန်း၍ သဲကောချောင်းရေကြီးပြီးကျေးရွာအတွင်း ရေဝင်မှုကြောင့်လမ်းများပျက်စီးနေ၍သွားလာရေး ခက်ခဲခြင်း၊ ရေတိုက်စားမှုကြောင့် ကျေးရွာတံတားပျက်စီးခြင်း။ | (၁)စိမ့်ကျေးရွာတွင်ရေတိုက်စားမှုခံနိုင်ရန်ကျေးရွာလမ်းများကို အမြင့်ပေ တိုးမြှင့်တည်ဆောက်ပေးနိုင်ပါရန်နှင့် ကျေးရွာဆက်လမ်းတံတားပျက်စီးနေခြင်းအားခိုင်ခံ့သော တံတားတည်ဆောက်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)စစ်တောင်းမြစ်ရေကြီးလျှင်ရေကြောင်းမှာ ရွှေကစောင်းကျေးရွာ သို့ဦးတည်သောကြောင့်ကမ်းပါးများပြိုကျပြီး တစ်ဖက်ကမ်းတွင်သဲသောင်များပေါ်ထွန်းလာခြင်း။ | (၂)ရွှေကစောင်းကျေးရွာတွင်မြစ်ကမ်းပါးပြို၍ပြောင်းရွှေ့ရသောနေအိမ်များအတွက်မြေနေရာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ပါရန်၊မြစ်ကမ်းပါးပြိုကျမှုကိုတားဆီးနိုင်ရန်ခိုင်ခံ့သောမြေထိန်းနံရံနှင့်ရေကာတာတည်ဆောက်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ဆယ်မိုင်ကျေးရွာတွင်လေပြင်းတိုက်ခတ်မှုဖြစ်ပွားခြင်း၊အနိမ့်ပိုင်းနေရာများတွင် တောင်ကျရေများစီးဆင်းခြင်း။ | |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၂။ | | ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာ၊ ခမည်းပြင်ကျေးရွာ၊ ရွှေတစ်ဆုပ်ကျေးရွာ | (၁)အုန်းနဲ့ကျေးရွာသည် အနိမ့်ပိုင်းဖြစ်သဖြင့် မိုးများစွာရွာသွန်းလျှင် စစ်တောင်းမြစ်နှင့် ပဲခူးမြစ်မှရေများဝင်ရောက်ခြင်းနှင့် ရေထိန်းတံခါးများ ပျက်စီးနေ၍ အလွယ်တကူဖွင့်ပိတ်မရနိုင်ခြင်း၊ ရေငန်များဝင်ရောက်ခြင်း။ | (၁)အုန်းနဲ့ကျေးရွာတွင်ခိုင်ခံ့သော ရေငန်တားတာတမံများ တည်ဆောက်ပေးနိုင်ပါရန်၊ ရေထိန်း တံခါးစနစ်တကျအလွယ်တကူဖွင့်ပိတ်နိုင်ရန်အတွက်ပြုပြင် ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၂) ခမည်းပြင်ရွာရှိ ဘုတ်ခုံတူးမြောင်းတိမ်ကော၍ ရေစီးလမ်းကြောင်းမမှန်သဖြင့် ရေကြီးခြင်း။ | (၂)ခမည်းပြင်ကျေးရွာတွင် ဘုတ်ခုံတူးမြောင်းရေစီးရေလာကောင်းမွန်စေရန်ပိတ်ဆို့သဲများဖယ်ရှားပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ရွှေတစ်ဆုပ်ကျေးရွာတွင်ကမ်းပြိုမှုကြောင့် လယ်မြေဧက(၃၀၀၀) ဧကပါဝင်ခဲ့သဖြင့်လယ်သမားများစိုက်ပျိုးရန် လယ်မြေမရှိတော့ခြင်းကြောင့်အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်းနှင့်ရင်ဆိုင်နေရခြင်း ၊ပြောင်းရွှေ့နေရာတွင် သောက်ရေကန်တူးရာတွင် ရေငန်များသာရရှိခြင်းကြောင့်အခြားရွာမှခပ်ယူ၍လည်းကောင်း၊ မိုးရေခံ၍လည်းကောင်းသောက်သုံးနေရခြင်း။ | (၃)ရွှေတစ်ဆုပ်ကျေးရွာတွင်စိုက်ပျိုးမြေဆုံးရှုံးသူများအတွက် မြေယာများနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပါရန်၊နားခိုနေထိုင်ရန်မြင့်မားသောအဆောက်အဦတည်ဆောက်ပေးရန်၊သောက်သုံးရေရှားပါးမှုကိုဖြည့်ဆည်းပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၃။ | | သနပ်ပင်မြို့နယ်၊ ကသစ်ခုံကျေးရွာ၊ ကုက္ကိုလ်ကျေးရွာအုပ်စု၊ရွှေအိုးကျေးရွာ | (၁)ကသစ်ခုံကျေးရွာတွင်ကမ်းပြိုမှုကြောင့်ရွှေ့ပြောင်းခဲ့ပြီးယခုလက်ရှိနေရာသည်ကမ်းနှင့်၁၀မိုင်ခန့်သာဝေးခြင်း၊ လယ်မြေများကမ်းပြိုမှုတွင်ပါဝင်ခဲ့သဖြင့်ကျပန်းလုပ်ငန်းများလုပ်ကိုင်နေရခြင်း။ | (၁)ရေတိုက်စားကမ်းပါးပြိုခြင်းကြောင့်ရွှေ့ပြောင်းနေအိမ်များအတွက်မြေနေရာစိစစ်ချထားပေးနိုင်ပါရန်၊ ကမ်းပြိုခြင်းဆက်လက်ဖြစ်ပွားနေပါကပြောင်းရွှေ့ရန်နေရာသတ်မှတ်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)ကုက္ကိုလ်ကျေးရွာအုပ်စုတွင်ကမ်းပါးပြိုခြင်းဒဏ်ကိုခံစားရခြင်း၊မိုးတွင်းကာလအတွင်းပုံမှန်ပြိုလေ့ရှိပြီးလယ်မြေများဆုံးရှုံးခြင်းကြောင့်အလုပ်အကိုင်ရှားပါးခြင်းနှင့်ရင်ဆိုင်နေရခြင်းစစ်တောင်းမြစ်ရေကြီးသည့်အချိန်တွင်အဆိပ်ရှိသော သတ္တဝါများ ကိုက်ခံရခြင်း ဝမ်းရောဂါများ ဖြစ်ပွားခြင်း၊ ရွာ(၄) ရွာမှာ သောက်သုံးရေအတွက် ကမ်းနားရှိဘုန်းကြီးကျောင်းမှသယ်ယူခြင်း။ | (၂)လယ်မြေများဆုံးရှုံးသောတောင်သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပါရန်၊ကျန်းမာရေးစောင့်ရှောက်မှုများဖြည့်ဆည်းပေးနိုင်ပါရန်၊သောက်သုံးရေရှားပါးမှုကိုပံ့ပိုးပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ရွှေအိုးကျေးရွာဒီရေအတက်အကျကြမ်းတမ်းသောကြောင့်နှစ်စဉ်ကမ်းပြိုမှုဒဏ်ကိုခံစားရခြင်း၊ လယ်မြေများကမ်းပါးပြိုမှုတွင်ပါဝင်သောကြောင့်လယ်မြေများဆုံးရှုံးခြင်း။ | (၃)မြစ်ကမ်းပါးပြိုကျမှုကိုတားဆီးရန်အတွက်ရေကာတာများတည်ဆောက်ပေးနိုင်ပါရန်၊လယ်မြေများဆုံးရှုံးသောတောင်သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပါရန်လိုအပ်လျက် ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၄။ | | ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာ၊ တရုတ္တန်းညောင်ဝိုင်းရပ်ကွက်၊ ပွဲကုန်းရပ်ကွက် | (၁)ဒုံဇရစ်ကျေးရွာသည် တောင်ခြေနှင့်စစ်တောင်းမြစ်ကမ်းတွင် တည်ရှိသောကြောင့် ရဲနွယ်ချောင်းနှင့်မယ်ဒမချောင်းရေကြီးမှုနှင့်တောင်ပေါ်ဒေသမှသစ်တောများပြုန်းတီးမှုကြောင့်တောင်ကျရေများအရှိန်ပြင်းစွာစီးဆင်းလာခြင်းဒဏ်ကိုခံစားရခြင်း။ | (၁)စစ်တောင်းမြစ်ကြောင်းရေစီးရေလာကောင်းမွန်ပြီးမြစ်ကြောင်းဖြောင့်တန်းစေရန်မြစ်အတွင်းရှိ နုန်းများ၊ သဲကျွန်းများ၊ ပိတ်ဆို့သဲများဖယ်ရှားနိုင်ရေးဆောင်ရွက်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)တရုတ္တန်းညောင်ဝိုင်းရပ်ကွက်သည်စစ်တောင်းမြစ်ရေတက်၍ရွှေကျင်ချောင်းရေကြီးမှုကြောင့်တစ်ရွာလုံးရေမြုပ်ခြင်းကိုခံစားရပြီး၊ အနိမ့်ပိုင်းရပ်ကွက် ဖြစ်သဖြင့်ရေမြင့်တက်မှုအနေဖြင့်(၇)ပေခန့်ရှိပြီး နှစ်စဉ် ခံစားရခြင်း။ | (၂)ရွှေကျင်ချောင်းရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးနိုင်ပါရန်၊ရွှေ့ပြောင်းနေထိုင်နိုင်သည့်Shelterများတည်ဆောက်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ပွဲကုန်းရပ်ကွက်သည်အနိမ့်ပိုင်းရပ်ကွက်ဖြစ်သဖြင့်ရွှေကျင်ချောင်းရေလျှံလျှင်ရပ်ကွက်ထဲ၌(၃)ပေခန့်ရေမြုပ်သဖြင့်နိမ့်သောအိမ်များရွှေ့ပြောင်းရခြင်း။ | (၃)ရွှေကျင်ချောင်းရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးနိုင်ပါရန်၊ရွှေ့ပြောင်းနေထိုင်နိုင်သည့် Shelterများတည်ဆောက်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေကြီး/ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၅။ | | မိုးညိုမြို့နယ်၊ အင်းတွော်လုပ်ကျေးရွာ၊ သံပုရာခုန်ကျေးရွာ၊ ညောင်လေးပင်ကျေးရွာ အုပ်စု | (၁)အင်းတွော်လုပ်ကျေးရွာသည်ဧရာဝတီ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုခြင်းကို အများဆုံးခံစားခဲ့ရခြင်း၊ ယာယီရွှေ့ပြောင်းခဲ့သောနေရာ၌ဘုန်းကြီးကျောင်းမှရေအနက်(၁၀၀)ပေတူးသော်လည်းရေများဝါနေ၍သောက်သုံးရေခက်ခဲနေခြင်း။ | ကမ်းပါးများပြိုသောကြောင့်မြေထိန်းနံရံနှင့်ရေကာတာနံရံတည်ဆောက်ပေးနိုင်ပါရန်၊ ယာယီရွှေ့ပြောင်းထားသောအိမ်များနှင့်ဘုန်းကြီးကျောင်းများအားမြေနေရာအတိအကျသတ်မှတ်ချထားပေးနိုင်ပါရန်၊သောက်သုံးရေများပံ့ပိုးပေးနိုင်ရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)သံပုရာခုန်ရွာသည်ဧရာဝတီမြစ်ကမ်းနံဘေးတွင်တည်ရှိသောကြောင့်ရေကြီးမှုဒဏ်ကိုခံစားရသည့်အပြင်လေတိုက်ရာလမ်းကြောင်းပေါ်ရှိသဖြင့်လေပြင်းတိုက်ခတ်သည့်ဒဏ်ကိုလည်းခံစားရခြင်း။ | ဧရာဝတီမြစ်ကြမ်းပြင်တိမ်ကောမှုများအတွက်မြစ်ကြောင်းထိန်းသိမ်းပေးနိုင်ပါရန်၊ Cyclone shelter များတည်ဆောက်ပေးနိုင်ရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ညောင်လေးပင် ကျေးရွာမှာ ဧရာဝတီမြစ်နားနီးသောကြောင့် ရေကြီးရေလျှံမှုအပြင် လေပြင်းတိုက်ခတ်ခြင်းဒဏ်ကိုလည်းခံစားရခြင်း၊ ဧရာဝတီမြစ်ရေကြီးမှုကြောင့်အနိမ့်ပိုင်းတွင်အမြင့်(၉)ပေခန့် မြင့်တက်ခဲ့ ခြင်း။ | ဧရာဝတီမြစ်ကြမ်းပြင် တိမ်ကောမှုများအတွက် မြစ်ကြောင်းထိန်းသိမ်းပေးနိုင်ပါရန်၊ Cyclone shelter များတည်ဆောက်ပေးနိုင်ရန်လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၆။ | | ပန်းတောင်းမြို့နယ်၊ ကျွန်းမီးကျေးရွာ၊ ကန့်လန့်ကုန်းကျေးရွာ၊ ရွှေတောင်ကျေးရွာ | (၁)ကျွန်းမီး ကျေးရွာသည်ဧရာဝတီမြစ်ကမ်းနံဘေးတွင်တည်ရှိ၍မြစ်ရေတက်လျှင်(၉)ပေမှ(၁၀)ပေအထိမြင့်တက်ခြင်း၊ ကမ်းပါးပြိုကျခြင်း၊ ဘုန်းကြီးကျောင်းမြေနှင့်စေတီမှာလည်းမြစ်ကမ်းနှင့် အလွန်နီးကပ်စွာရှိနေခြင်း။ | (၁)ကမ်းပါးပြိုမှုများကိုကာကွယ်ရန် မြေထိန်းနံရံနှင့်ရေကာတာနံရံများတည်ဆောက်ပေးနိုင်ပါရန်၊ကမ်းပါးပြိုခြင်းဆက်လက်ဖြစ်ပွားပါကပြောင်းရွှေ့ရန်နေရာသတ်မှတ်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)ကန့်လန့်ကုန်းကျေးရွာတွင်ဧရာဝတီမြစ်ရေကြီးနစ်မြုပ်မှုနှင့် ကမ်းပါးပြိုကျမှုကြောင့်အိမ်များတောင်ကုန်းတောင်တန်းများပေါ်သို့ရွှေ့ပြောင်းခဲ့ရခြင်း။ | (၂)ကမ်းပါးပြိုမှုများကိုကာကွယ်ရန်မြေထိန်းနံရံနှင့်ရေကာတာနံရံများတည်ဆောက်ပေးနိုင်ပါရန်၊ တောင်ကုန်းတောင်တန်းများတွင်ရွှေ့ပြောင်းထားသောအိမ်များအားမြေနေရာများစိစစ်ချထားပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ရွှေတောင်ကျေးရွာသည်ဧရာဝတီမြစ်ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းကြောင့်စက်ရေတွင်း(၂)တွင်း ပြိုကျခြင်း။ | (၃)ကမ်းပါးပြိုမှုများကိုကာကွယ်ရန်မြေထိန်းနံရံနှင့်ရေကာတာနံရံများတည်ဆောက်ပေးနိုင်ပါရန်၊ ကမ်းပါးပြိုခြင်းဆက်လက်ဖြစ်ပွားပါ က ပြောင်းရွှေ့ရန်နေရာသတ်မှတ်ပေးနိုင်ပါရန်လို အပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

မကွေးတိုင်းဒေသကြီး

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁။ | မကွေးတိုင်း | ရေနံချောင်းမြို့နယ်၊ မာန်မြေကျေးရွာ၊ ကံသာကျေးရွာ၊ မိန်းမလှကျွန်း ကျေးရွာ၊ | (၁)မာန်မြေကျေးရွာတွင် ဧရာဝတီမြစ်ရေကြီးခြင်းနှင့်၂၀၁၇ခုနှစ် မေလမှစတင်၍မြစ်ကမ်းပါးပြိုကျမှုမှာ ယနေ့ထိ ဖြစ်ပွားနေခြင်း။ | (၁)မြစ်ကြောင်းကွေ့ ကောက်ပြီးရေစူး၍ကမ်းပါးပြိုရခြင်း ဖြစ်သောကြောင့်မြစ်ကြောင်းများဖြောင့်ပြီး ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)ကံသာကျေးရွာသည် မြစ်ကမ်းပါးပြိုကျပျက်စီးခြင်း။ | (၂)မြစ်ကမ်းပါးများပြိုကျပျက်စီးသဖြင့်ကျောက်သားရေကာတာ ဆောက်လုပ်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)မိန်းမလှကျွန်း ကျေးရွာသည် လေဘေးဒဏ်ခံစားရခြင်း၊ မြစ်ကမ်းပါးများ ပြိုကျခြင်း၊ ရေကြီးချိန်တွင်သောက်သုံးရေအခက်အခဲရှိခြင်း။ | (၃)ခိုင်ခန့်သောရေကာတာနှင့် သောက်သုံး ရေလှောင်ထားနိုင်ရန်အတွက်အုတ်ရေကန်အမြင့်ဆောက်လုပ်ပေးနိုင်ပါရန်လိုအပ်လျက်ရှိပါသည်။ |
| ၂။ | | စလင်းမြို့နယ်၊ ပေါက်လေးပင်ကျေးရွာ၊ ကျူတောကျေးရွာ၊ ရေလယ် ရွာမ ကျေး ရွာ | (၁)ပေါက်လေးပင်ကျေးရွာနှင့်ကျူတော ကျေးရွာတို့သည်ရေလမ်းကြောင်းမဖြောင့်ဖြူး၍ ဧရာဝတီမြစ်ရေကြီးခြင်း နှင့် မြစ်ကမ်းပါးများ ပြိုကျပျက်စီးခြင်း။ | (၁)မြစ်ကမ်းပါးပြိုခြင်းအတွက်ရေထိန်းနံရံတည်ဆောက်ပေးနိုင်ပါရန် နှင့် ပြောင်းရွှေ့ရသောနေအိမ်များအတွက်မြစ်ရေကြီးမှုနှင့်လွတ်ကင်းသည့်မြေနေရာအား စိစစ်ရွေးချယ် ချထားပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၂)ရေလယ်ရွာမကျေးရွာ သည် မြစ်ကမ်းပါးများ ပြိုခြင်း၊ သောက်သုံးရေ လုံလောက်မှု မရှိခြင်း။ | (၂)မြစ်ကမ်းပါးပြိုခြင်း အတွက်ရေထိန်းနံရံတည် ဆောက်ပေးနိုင်ပါရန်နှင့် သောက်သုံးရေလှောင်ထား နိုင်ရန်အတွက်အုတ်ရေကန် အမြင့်ဆောက်လုပ် ပေးနိုင်ပါ ရန်လိုအပ်လျက်ရှိပါသည်။ |
| ၃။ | | မင်းဘူးမြို့နယ်၊ နိဗ္ဗာန်ကျွန်းကျေးရွာ၊ ငွေသောင်ကျေးရွာ၊ ထုံးမကြီးကျေးရွာ | (၁)မုန်းချောင်း၊မန်းချောင်း၊ ဧရာဝတီမြစ်တို့ အကြား တွင်တည်ရှိသောကြောင့် မြစ်ရေကြီးခြင်းနှင့် ကမ်း ပြိုခြင်း၊ရံဖန်ရံခါမုန်တိုင်း တိုက်ခတ်ခြင်း၊ | (၁)မြစ်ချောင်းတိမ်ကောမှုများ အားရေစီးရေလာကောင်းမွန် ရေးဆောင်ရွက်ပေးနိုင်ပါရန်၊ သောက်သုံးရေအတွက် ရေ သန့်သိုလှောင်ကန် ဆောက် လုပ်ပေးနိုင်ပါရန်၊ကျေးလက် ဆေးပေးခန်း တည်ဆောက် ပေးနိုင်ပါရန် လိုအပ်လျက်ရှိ ပါ သည်။ |
| ၄။ | | ပွင့်ဖြူမြို့နယ်၊ ထူးကျေးရွာ၊ သံကိုင်းကျေးရွာ၊ ကံလှကျေးရွာ | (၁)ထူးကျေးရွာသည် မုန်းချောင်း နှင့် ဧရာဝတီ မြစ်ကြားတွင်တည်ရှိ၍ သဘာဝဘေးအန္တရာယ် အများဆုံးကျရောက် သည့်ကျေးရွာဖြစ်ခြင်း၊ သံကိုင်းကျေးရွာနှင့်ကံလှ ကျေးရွာတို့တွင်လည်း ၂၀၁၇ ခုနှစ်၌ ရေကြီးမှု (၃)ကြိမ် ခံစားခဲ့ရ ခြင်း။ | (၁)သံကိုင်းကျေးရွာနှင့် ကံလှကျေးရွာတို့တွင် ကမ်း ပြိုမှုများ ကာကွယ်ရန် မြစ် ကြောင်းဖြောင့်ခြင်း၊ ဒေသ နှင့်ကိုက်ညီသော မြေထိန်း နံရံများ တည်ဆောက်ပေး နိုင်ပါရန် လိုအပ်လျက် ရှိပါ သည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| ၅။ | | ပခုက္ကူမြို့နယ်၊ ကျွန်းညို့ရွာသစ် ကျေးရွာ၊ ကွန်းရွာ ကျေးရွာအုပ်စု၊ အနောက်သီရိ ကျေးရွာ | (၁)ကျွန်းညို့ရွာသစ်ကျေးရွာတွင်မြစ်ကမ်းပါးပြိုကျခြင်းကြောင့်နေအိမ်များပြောင်းရွှေ့ခဲ့ရပြီးအချိန်အခါမဟုတ်မိုးရွာသွန်းခြင်းကြောင့်စိုက်ခင်းများတွင်ရေပြန်လည်မထွက်နိုင်သောကြောင့် သီးနှံစိုက်ခင်းများပျက်စီးခဲ့ရခြင်း၊ | (၁)ကျွန်းညို့ရွာသစ်ကျေးရွာတွင်ခိုင်ခံ့သော ရေကာတာတည်ဆောက်ပေးနိုင်ပါရန် လိုအပ်လျက် ရှိပါသည်။ |
| | | | (၂)ကမ္ဘာ့ဘဏ်အကူအညီဖြင့်(၅.၂.၂၀၁၇)ရက်နေ့တွင်စတင်တည်ဆောက်ထားသောရေကာတာမှာ(၁၉.၅.၂၀၁၇)ရက်နေ့တွင်ပြီးစီးပြီးကမ်းပြိုမှုကြောင့်(၆.၆.၂၀၁၇)တွင်ပျက်စီးခြင်း၊ | |
| | | | (၃)ကွန်းရွာကျေးရွာအုပ်စုမှမြစ်ကမ်းပါးပြိုကျခြင်းကြောင့်စိုက်ပျိုးမြေများရှားပါးလာသဖြင့် ကျေးရွာရှိ လူငယ်များသည် ရွှေလီ၊ ကြယ်ခေါင် နှင့် ပြည်ပ သို့ သွားရောက်လုပ်ကိုင်ကြခြင်း၊ | (၂)ကွန်းရွာကျေးရွာ အုပ်စုတွင် ကမ်းပါးပြိုမှုသည် ရွာနှင့် ပိုနီးကပ်လာသဖြင့် မြေနေရာသတ်မှတ်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၄)အနောက်သီရိကျေးရွာတွင် ၂၀၁၂ခုနှစ် မှစ၍ မြစ်ကမ်းပါးပြိုကျမှု ပိုမိုများပြားလာပြီးအနောက်သီရိ ကျေးရွာရှိ စေတီသည်(၂၀.၇.၂၀၁၇)နေ့တွင် မြစ်ရေတိုက်စားမှုကြောင့်မြစ်ရေထဲသို့ပြိုကျခဲ့ခြင်း၊ | (၃)အနောက်သီရိကျေးရွာအတွက်လုပ်စားမြေကာကွယ်ပြီးရေလမ်းကြောင်းလွှဲပေးနိုင်ပါရန် လိုအပ်လျက်ရှိပါ သည်။ |
| ၆။ | | ရေစကြိုမြို့နယ်၊ ဗလဗကျေးရွာ၊ပေါက်တောကျွန်းကျေးရွာ၊ ဇရပ်နီ ကျေးရွာ | (၁)ဗလဗကျေးရွာတွင် မြစ်ရေကြီးမှုကြောင့်နေအိမ်များပြောင်းရွှေ့ပေးခဲ့ရခြင်း၊မြစ်ကမ်းပါးပြိုကျမှုကြောင့် စိုက်ပျိုးမြေများပြိုကျ၍ လုပ်ကိုင်ရန်ရှားပါးသဖြင့် လူငယ်များသည် ပြည်တွင်းပြည်ပသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြခြင်း၊<br>(၃)နှစ်အတွင်းမြစ်ကမ်းပါးပြိုကျမှုများကြောင့် မြစ်ပြင်ကျယ်ဖြစ်သွားရခြင်း၊ | (၁)ဗလဗကျေးရွာအတွက်ပြောင်းရွှေ့ နေထိုင်နိုင်သောမြေနေရာ၊ ဆေးပေးခန်း နှင့် ရေကာတာ ထပ်မံ ပြုလုပ်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |
| | | | (၂)ပေါက်တောကျွန်းကျေးရွာတွင်၂၀၁၅ ခုနှစ်တွင် ချောင်းအရာပေါ်ပေါက်လာပြီး မြစ်လက်တက်အဖြစ် စီးဆင်းရာမှမြစ်ကြောင်းပေါ်ပေါက်လာပြီး မြစ်ကမ်းပါး ပြိုကျမှုကြောင့် နေအိမ်များရွှေ့ပြောင်းခဲ့ရခြင်း၊ | (၂)ပေါက်တောကျွန်းကျေးရွာအတွက်မြစ်ကမ်းပါးပြိုခြင်းကြောင့် ရွှေ့ပြောင်းနေအိမ်များအတွက်မြေနေရာသတ်မှတ်ပေးနိုင်ပါရန် လိုအပ်လျက် ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက် | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၃)ဇရပ်နီကျေးရွာသည် ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်အကြားတည်ရှိသောကြောင့် မြစ်ရေ အနိမ့် အမြင့်ပေါ်မူတည်ပါကြောင်းချင်းတွင်းမြစ်ရေကြီးလျှင်ရေစီးနှုန်းကြမ်းပြီး ဧရာဝတီမြစ် ရေကြီးလျှင်ရေစီးနှုန်းနည်းသည်ကိုလည်းတွေ့ရှိရခြင်း၊ မြစ်ရေကြီးမှုကြောင့် အိမ်ထောင်စု(၃၀)ဦး ရေဘေးရှောင်ဖြစ်သော ရေစကြို မြို့ဂူကြီးကျောင်းတိုက်တွင်သွားရောက်နေထိုင်ခဲ့ရ ခြင်း၊ | (၃)ဇရပ်နီကျေးရွာအတွက် ရေကာတာ တည်ဆောက်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

မန္တလေးတိုင်းဒေသကြီး

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၁။ | မန္တလေးတိုင်း | ညောင်ဦးမြို့နယ်၊ မြေသန့်တောင် ကျေးရွာ၊ကြအိုကျေး ရွာ၊တောင်ရနောင် ကျေးရွာ | (၁)မြေသန့်တောင်ကျေး ရွာနှင့် ကြအိုကျေးရွာ၌ မာရသာမုန်တိုင်းအရှိန် ကြောင့် လေပြင်းတိုက် ခတ်မှုဖြစ်ပွားခဲ့ပြီးစေတီ များပြိုကျခြင်း၊ အိမ်များ ပြိုကျခြင်း၊အမိုးများလန် ခြင်း၊ စာသင်ကျောင်း ဆောင်များပြိုကျခြင်းနှင့် သစ်ပင်ကြီးများအမြစ်မှ ကျွတ်ထွက်သွားခြင်း။ | (၁)မြေသန့်တောင်ကျေးရွာ နှင့်ကြအိုကျေးရွာတို့တွင်လေ ပြင်းတိုက်ခတ်ခြင်းဒဏ်ခံနိုင် ရည်ရှိသော Cyclone Shelter အဆောက်အဦများ ဆောက်လုပ်ပေးရန်လိုအပ် လျက်ရှိပါသည်။ |
| | | | (၂)တောင်ရနောင်ကျေး ရွာသည်ဧရာဝတီမြစ်မ ကြီးနှင့် မြစ်လက်တက် ကြားတွင် တည်ရှိသော ကြောင့် နှစ်စဉ်ဇွန်လမှ အောက်တိုဘာလအထိ ရေကြီးချိန်တွင်ရေမြုပ် သည့်ဒဏ်နှင့်ကမ်းပါးပြို မှုဒဏ်ကိုခံစားရခြင်း။ | (၂) တောင်ရနောင်ကျေးရွာ၌ ဧရာဝတီမြစ်ကမ်းပါး ပြိုလေ့ ရှိသောကြောင့် မြေထိန်းနံရံ တည်ဆောက်ပေးရန်လိုအပ် လျက်ရှိပါသည်။ |
| | | | (၃)လောကနန္ဒာမြစ်ရေ တင်စီမံကိန်းမှသဲများစွန့် ပစ်မှုကြောင့်မြစ်ကြမ်း ပြင်မြင့်တက်၍မြစ်ရေ ကြီးခြင်းဒဏ်ကိုခံစားရ ခြင်း။ | (၃)ဧရာဝတီမြစ်ရေစီးရေလာ ကောင်းမွန်စေရေးဆောင် ရွက်ပေးရန်လိုအပ်လျက်ရှိပါ သည်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၂။ | | မြင်းခြံမြို့နယ်၊ တလုပ်မြို့ကျေးရွာ၊ တောပုကျေးရွာ၊ ဆင်းဂွတ် ကျေးရွာ | (၁)တလုပ်မြို့ကျေးရွာတွင် ဧရာဝတီမြစ်ရေကြီးခြင်း နှင့် တောင်ကျရေများ ကြောင့်လူနေအိမ်များမှာ (၁)ပေခန့်နစ်မြုပ်ပြီးပျက် စီးခြင်းမရှိသော်လည်း စပါးခင်းများ၊ ကုလားပဲ စိုက်ခင်းများ နှင့် ကြက် သွန်ခင်းများပျက်စီးခြင်း ၊ ကျောက် ခင်းလမ်းများ ပျက်စီး၍သွားလာရေး ခက်ခဲခြင်း။ | (၁)တလုတ်မြို့ကျေးရွာရှိ ကျောက်ခင်းလမ်းနှင့်ဆင်း ဂွတ်ကျေးရွာရှိ ရွာလမ်းများ အမြင့်ပေထပ်တိုးမြှင့်တည် ဆောက်ပေးရန်လိုအပ်လျက် ရှိပါသည်။ |
| | | | (၂)တောပုကျေးရွာတွင် မြစ်ရေနှင့်တောင်ကျရေ များကြောင့် ရွာထဲသို့ ရေ (၄)ပေခန့်ရေဝင်နစ်မြုပ် ၍ မိုးစပါး၊ ကုလားပဲနှင့် ကြက်သွန်ခင်းများ ပျက် စီးခြင်း။ | (၂)ဆင်းဂွတ်ကျေးရွာတွင် လက်လုပ်ရေတွင်းများသည် သောက်သုံး၍မရသဖြင့် သောက်သုံးရေအခက်အခဲ များဖြေရှင်းပေးရန်နှင့်ရေစင် အားပြန်လည်ပြုပြင်ပြီးမြစ် ရေတင်ခြင်းလုပ်ငန်းပံ့ပိုးပေး ရန်လိုအပ်လျက်ရှိပါသည်။ |
| | | | (၃)ဆင်းဂွတ်ကျေးရွာ သည် မိုးသည်းထန်စွာ ရွာသွန်းလျှင်ဆင်းဂွတ် ချောင်းရေလျှံခြင်းကြောင့် ချောင်းရေစီးကြောင်း ပြောင်းလဲပြီးရွာထဲသို့ရေ ဝင်၍နေအိမ်များနစ်မြုပ် ခြင်းနှင့်စိုက်ခင်းများ ပျက်စီးခြင်း။ | |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၃။ | | တောင်သာမြို့နယ်၊ ကြာပို့ကျေးရွာ၊ တပင်ခံကျေးရွာ၊ မာလာကျေးရွာ | (၁)ကြာပို့ကျေးရွာသည် ရွာလယ်တွင်ချောင်းရှိနေခြင်းကြောင့်မိုးများလျှင် ရေလျှံပြီးရေပြန်ထွက်မှုနည်းသောကြောင့်အနိမ့်ပိုင်းတွင်ရှိသောနေအိမ်များသည်ရေမြုပ်ပျက်စီး၍အိမ်ငယ်များရေစီးနှင့် အတူမျောပါခြင်း၊ ဧရာဝတီမြစ်ရေ ဝင်ရောက်ခြင်းကြောင့် မိုးစပါး နှင့် မိုးရာသီတွင်စိုက်ပျိုးသည့် ကြက်သွန်များပျက်စီးခြင်းကို ခံစားရခြင်း။ | (၁)ကြာပို့ကျေးရွာသည် အနိမ့်ပိုင်းဖြစ်သဖြင့် ရေနစ်မြုပ်မှုမှ ကာကွယ်ရန် ခြေတံရှည်အိမ်များဆောက်လုပ်ရန် လိုအပ်လျက် ရှိပါသည်။ |
| | | | (၂)ပင်ခံကျေးရွာ(မြောက်)သည်မိုးများစွာရွာသွန်းသောအခါချောင်းဘေးရှိ ကြက်သွန်ခင်းများပျက်စီးခြင်းတို့ကိုခံစားရခြင်း။ | |
| | | | (၃)မာလာကျေးရွာသည် ၂၀၁၇ ခုနှစ် မေလတွင် လေဆင်နှာမောင်းတိုက်ခတ်ခြင်းကြောင့် နေအိမ်များအမိုးလန်ခြင်း၊ပြိုကျခြင်း၊ သောက်သုံးရေကန်အမိုးလန်သွားခြင်း၊ ဧရာဝတီမြစ်နံဘေးတွင်တည်ရှိသောကြောင့် မြစ်ရေကြီးချိန်တွင်မြစ်ကမ်းဘေးရှိနေအိမ်များရေမြုပ်ခြင်းဒဏ်ကို ခံစား ရခြင်း။ | (၂)မာလာကျေးရွာတွင်လေဆင်နှာမောင်းဒဏ်ကိုခံနိုင်ရန်အိမ်များကို ခိုင်ခံ့အောင်ဆောက်လုပ်ထားရန်နှင့် CycloneShelterအဆောက်အဦများဆောက်လုပ်ပေးရန်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၄။ | | စဉ့်ကူးမြို့နယ်၊ ကြို့ကုန်းကျေးရွာ၊ လက်ပံလှကျေးရွာ အုပ်စု၊ ကျည်တောက် ပေါက်ကျေးရွာ | (၁) ကြို့ပင်ကျေးရွာသည် ၂၀၁၇ခုနှစ် မေလတွင် လေဆင် နှာမောင်း ဝင်ရောက် တိုက်ခတ်မှု နှင့် မာလဲနတ်တောင်ဆည်မှ ချောင်းရေလျှံ၍ရွာအတွင်း သို့တစ်ပေခန့်ဝင်ရောက် ပြီး ရေများပြန်လည် မစီး ဆင်းနိုင်သောကြောင့် ရေနစ်မြုပ်ချိန်မှာ(၃)ရက် ခန့် ကြာမြင့်ခဲ့ ခြင်း။ | (၁)ကြို့ပင်ကျေးရွာ၌ လေပြင်းတိုက်မှုဒဏ်ကိုခံနိုင် ရန်အိမ်များအား ခိုင်ခံ့အောင် တည်ဆောက်ရန်။ |
| | | | (၂)လက်ပန်လှကျေးရွာ အုပ်စုသည်တောင်ကျရေ နှင့်ဆည်၏ရေပိုလွှဲမှရေ လျှံမှုကြောင့်ကျေးရွာချင်း ဆက်တံတားနှစ်စင်းမှ သစ်လုံးတိုင်များသည် တစ်တိုင်နှင့်တစ်တိုင်နီး ကပ်နေပြီးရေစီးနှင့်အတူ မျောပါလာသောဒိုက်များ၊ အမှိုက်များသည်တံတား တိုင်နှင့်တိုက်မိကာ အောက်ခြေတိုင်များပြို ကျသွားပြီး တံတားပေါ်မှ ဖြတ်လျှင်အန္တရာယ်ရှိ သောကြောင့်တံတား ဘေးရှိလမ်းမှဖြတ်သန်း သွားလာရခြင်း | (၂)ကျေးရွာဆက်လမ်းတံတား (၂)စင်းအားရေရှည်တည်တံ့ ခိုင်ခံ့အောင်တည်ဆောက် ပေးရန်။ |
| | | | (၃)ကျည်ထောက်ပေါက် ကျေးရွာသည်ရွှေတူးဖော် သည့်လုပ်ငန်းကိုမှီခို အား ထားရခြင်း၊ ကျေးရွာ အ ထက်ပေ(၃၅၀)ခန့်တွင် ရွှေတူးဖော်သန့်စင် လုပ် | (၃)ရွှေသတ္တုတူးဖော်ရေး လုပ်ငန်းရှိရေကန်အားအုတ် ဘောင်များဖြင့် ခိုင်ခံ့အောင် တည်ဆောက်စေရန်နှင့် သောက်သုံးရေခက်ခဲမှုများ အား ဖြည့်ဆည်းပေးရန်။ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | ငန်းမှပြုလုပ်ထားသော (၈)ကေရှိ ရေကန်သည် မိုးများစွာရွာသွန်းမှု ကြောင့်ကန်ဘောင်ရိုးပြို ကျ၍တစ်ရွာလုံးရေမြုပ်ခဲ့ ရပြီးအိမ်များမျောပါသွား ခြင်း၊အိမ်များပြိုကျခြင်း၊ ဓာတုဗေဒဆေးများနှင့် ပြဒါးဓါတ်များ မြေကြီး ထဲသို့ စိမ့်ဝင်မှု ကြောင့် သောက်သုံးရေများ သောက်သုံးရန်မသင့် လျော်ခြင်း။ | |
| ၅။ | | သပိတ်ကျင်း မြို့နယ်၊ ဆင်ညှပ်ကုန်းကျေး ရွာ၊ကမ်းပါးနီကျေး ရွာ၊ ရေထွက်ကျေးရွာ | (၁)ဆင်ညှပ်ကုန်းကျေးရွာ သည်ဧရာဝတီမြစ်ဘေး တွင် ရွာတည်ထားခြင်း ကြောင့်ရေကြီး၍အိမ်များ ရေနစ်မြုပ်ခဲ့ရခြင်း၊ မိုး စပါး၊ နှမ်း၊ ပဲတီစိမ်းစိုက် ပျိုးမြေများ ပျက်စီးခဲ့ခြင်း၊ ၂၀၁၇ ခုနှစ် မေလတွင် လေပွေကြမ်းဝင်ရောက် တိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့်လူနေ အိမ်များအမိုးလန်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း။ | (၁)ဆင်ညှပ်ကုန်းကျေးရွာ တွင်ခြေတံရှည်အိမ်များတည် ဆောက်ရန်နှင့်လေပြင်းတိုက် သောဒဏ်ကို ခံနိုင်ရန် အိမ် များကို ခိုင်ခိုင်ခံ့ခံ့ တည် ဆောက်ရန်၊ ပျက်စီးနေသော ကျေးရွာလမ်းကို ကောင်းမွန် အောင် ပြုပြင်ပေးရန်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၂)ကမ်းပါးနီကျေးရွာသည် မိုးများပြီးတောင်ကျချောင်းရေလျှံမှုကြောင့်ကမ်းပါးနီချောင်းနံရံများပြိုကျပြီးကျေးရွာချင်းဆက်သစ်သားတံတားပျက်စီးနေ၍ရေတိမ်နေပြီဖြစ်သောချောင်းကိုဖြတ်သန်းသွားလာနေရခြင်း။ | (၂)ကမ်းပါးနီကျေးရွာနှင့်ရေထွက်ကျေးရွာအတွင်းရှိတံတားပျက်စီးနေခြင်းအားမိုးတွင်းကာလအမီခိုင်ခံ့သောတံတားတည်ဆောက်ပေးရန် |
| | | | (၃)ရေထွက်ကျေးရွာတွင်တောင်ကျချောင်းရေစီးဆင်းမှုကြောင့်ကမ်းပါးနီချောင်းရေလျှံ၍ချောင်းကမ်းပါးဘေးရှိ အိမ်များမျောပါသွားခြင်း၊သစ်သားတံတား(၁)စင်းပျက်၍ချောင်းထဲဖြတ်၍သွားလာနေရခြင်း။ | (၃)ကမ်းပါးနီကျေးရွာနှင့် ရေထွက်ကျေးရွာတို့သည်ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းအနီးတွင်တည်ရှိသောကြောင့်သောက်သုံးရေခက်ခဲမှုများအားဖြည့်ဆည်းပေးရန် |
| | | | (၄)ကမ်းပါးနီကျေးရွာနှင့်ရေထွက်ကျေးရွာတို့သည်ရွှေတူးဖော်သည့်လုပ်ငန်းကိုသာအားထား ပြုလုပ်ခြင်းကြောင့် ရွှေသတ္တုသန့်စင်ရာတွင်အသုံးပြုသည့်ဓာတုဗေဒဆေးများနှင့် ပြဒါး(mercury)များစွန့်ပစ်သည့်နေရာသည်တောင်ပေါ်တွင်ပြုလုပ်ထားပြီးထိုစွန့်ပစ်မှုကြောင့်ကျေးရွာအနီးစီးဆင်းနေသည့်တောင်ကျချောင်းရေများအဆိပ်သင့်ခြင်း။ | (၄)တောင်ကျချောင်းရေကြောင့်ပြောင်းရွှေ့ရသောနေအိမ်များအတွက်မြေနေရာလိုအပ်ချက်ဖြည့်ဆည်းပေးရန်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | | (၅)ကျေးရွာအနီးတွင်လုပ်ကိုင်နေသည့်ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများ၏ အဆိပ်သင့်စေသည့်ဓာတုဗေဒဆေးရည်နှင့်ပြဒါးများ စွန့်ပစ်မှုအားစနစ်တကျဖြစ်စေရန်။ |
| ၆။ | | ရမည်းသင်းမြို့နယ်၊ ကမ္မကျေးရွာ၊ သိုက်မြောင် ကျေးရွာ၊ ကျောက်ဖူးကျေးရွာ | (၁)ကမ္မကျေးရွာတွင် ၂၀၁၇ခုနှစ်မေလတွင် အားအသင့်အတင့်ရှိ လေပွေကြမ်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ်များပြိုကျခြင်းအမိုးလန်ခြင်းနှင့်မိုးများစွာရွာသွန်းပြီးချောင်းရေလျှံသောကြောင့်တံတားပျက်စီးခြင်းနှင့်မိုးစပါးများပျက်စီးခြင်း။ | (၁)ကမ္မကျေးရွာနှင့် ကျောက်ဖူးကျေးရွာရှိ တံတားများ ပျက်စီးနေခြင်းများအားခိုင်ခံ့သောတံတားတည်ဆောက်ပေးရန်။ |
| | | | (၂) သိုက်မြောင်ကျေးရွာသည်၂၀၁၇ ခုနှစ် မေလတွင် အင်အားအသင့် အတင့်ရှိ လေပွေကြမ်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများပျက်စီးခဲ့ခြင်း။ | (၂) ဒေသတွင်း ကျရောက်ခဲ့သည့်အင်အားပြင်းထန်သည့်လေပွေလှိုင်းဒဏ်ခံနိုင်မည့် cyclone shelter များတည်ဆောက်ပေးရန်။ |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| | | | (၃) ကျောက်ဖူးကျေးရွာတွင်၂၀၁၇ခုနှစ်မေလတွင် အင်အားအသင့် အတင့်ရှိလေပွေကြမ်းဝင်ရောက်တိုက်ခတ်မှုကြောင့်လူနေအိမ်များအမိုးလန်ခြင်း နှင့်တောင်ကျချောင်း ရေလျှံမှုကြောင့်ကျေးရွာချင်းဆက်သစ်သားတံတားနိမ့်ကျသွား၍တံတားဘေးမှဖြတ်သန်းသွားလာနေရခြင်း။ | |
| | | | (၄)ကမ္မကျေးရွာ၊ သိုက်မြှောင်ကျေးရွာနှင့်ကျောက်ဖူးကျေးရွာအနီးတွင်ရှိသောကျေးရွာများမှ တောင်သူအများစုမှာ မိမိတို့၏စိုက်ပျိုးမြေကိုသီးစားခငှားရမ်းစိုက်ပျိုးကြခြင်း၊ စိုက်ပျိုးကြသည့် ရာသီသီးနှံမှာ ဖရဲသီးဖြစ်ပြီး တရုတ်နိုင်ငံမှလာရောက်လုပ်ကိုင်သူများမှစနစ်တကျ ထုတ်ပိုး၍ တိုက်ရိုက်တင်ပို့နေခြင်း။ | |

တိုင်းဒေသကြီး/ပြည်နယ်များသို့သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၇)ကွင်းဆင်းကောက်ယူခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တွေ့ရှိချက်များ | လိုအပ်ချက်များ |
|---|---|---|---|---|
| ၇။ | | ပျော်ဘွယ်မြို့နယ်၊ ကိုင်းကျေးရွာ၊ ကျေးနီကျေးရွာ၊ စိုင်ချိုနက်ကျေးရွာ၊ ကင်းတားကျေးရွာ | (၁) ကိုင်းကျေးရွာတွင် မိုးများ၍ ရေတိုက်စားခြင်းကြောင့်မြေသားတစ်ဖက်ပိတ်ကန်ကျိုးပဲ့ ပျက်စီး၍ကျေးရွာအတွင်း ရေဝင်ရောက်လာခြင်း၊ကျေးရွာ အတွင်းလမ်း များသည် မြေနီရွှံ့စေးလမ်း များ ဖြစ်သောကြောင့် မိုးတွင်းကာလတွင်သွားလာရေးခက်ခဲခြင်း၊ မိုးစပါး သီးနှံများ ပျက်စီးခြင်း။ | (၁)ကိုင်းရွာကျေးရွာတွင်ရေတိုက်စားမှုခံနိုင်ရန်ကျေးရွာလမ်းများကိုအမြင့်ပေတိုးမြှင့်တည်ဆောက်ပေးရန်။ |
